
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၆ ၊ အမှတ် ၂ | ၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလ ၁ ရက်

## (၄) ကြိမ်မြောက် Joint Middle Management Programme (JCMMP) အား Virtual အစည်းအဝေး ကျင်းပခြင်း






(၄) ကြိမ်မြောက် Joint Middle Management Programme (JCMMP) ကို (၆-၁၀-၂၀၂၀) ရက်နေ့နှင့် (၇-၁၀-၂၀၂၀) ရက်နေ့ နံနက် (၀၈:၀၀) မှ (၁၆:၀၀) အချိန်ထိ Virtual Conferencing ဖြင့် ကျင်းပခဲ့ပြီး အစည်းအဝေး ပထမနေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကောက်ခွန်အဖွဲ့အစည်းများနှင့် ဩစတြေးလျနိုင်ငံ နယ်စပ်တပ်ဖွဲ့တို့မှ အလယ်အလတ်အဆင့် အရာရှိများတက်ရောက်ခဲ့ကြ၍၊ ဒုတိယနေ့ Fireside Chat Session တွင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် အတူ မြန်မာ့အကောက်ခွန် ညွှန်ကြားရေးမှူးချုပ် တက်ရောက်ဆွေးနွေးခဲ့ပါသည်။

အာဆီယံနိုင်ငံများ၏အကောက်ခွန်အဖွဲ့အစည်းများမှ အလယ်အလတ်အဆင့်အရာရှိများအားစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန် ၊ အကောက်ခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အလေ့အကျင့်ကောင်းများ အတွေ့အကြုံများနှင့် ပညာရပ်များကို အပြန်အလှန်မျှဝေပေးနိုင်ရန် ရည်ရွယ်၍ နှစ်စဉ်ကျင်းပသည့် အစည်းအဝေး ဖြစ်ပါသည်။

မြန်မာ့အကောက်ခွန်အနေဖြင့် အဆိုပါအစည်းအဝေးအား ပထမဆုံးအကြိမ် တက်ရောက်ခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးတွင် မူးယစ်ဆေးဝါးများ တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းအား ဆန့်ကျင်တိုက်ဖျက်နိုင်ရေး ၊ မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု နှင့် မူးယစ်ဆေးဝါးများ သုတ်သင်ရှင်းလင်းနိုင်ရေးအတွက် စိန်ခေါ်မှုနှင့် ဆောင်ရွက်မည့် အစီအစဉ်များ စသည့်အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

# သတ္တမအကြိမ် AEC ၂၀၂၅ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီများ နှင့် Virtual ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း




၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၂ ရက်နေ့၊ (၁၃:၀၀) မှ (၁၄:၃၀) အချိန်ထိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးဆောင်၍ သတ္တမအကြိမ် AEC ၂၀၂၅ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီ (အတွင်းရေးမှူး) များနှင့် ညှိနှိုင်းအစည်းအဝေးကို Virtual နည်းဖြင့် ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်လင်း တို့မှ တက်ရောက်ခဲ့ပါသည်။


အကောက်ခွန်ဦးစီးဌာန Regional အတိုင်းအတာဖြင့် ဆောင်ရွက်ရမည့် Measure (၁) ခု အနေဖြင့် ASEAN Customs Transit System (ACTS) အား ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ARISE PLUS ၏ နည်းပညာအကူအညီ ရယူကာ စတင်ဆောင်ရွက်ခဲ့ပြီး ACTS Live Operation ကို ၂၀၂၁ ခုနှစ် အစောပိုင်းတွင် ဝင်ရောက်နိုင်ရန် မျှော်မှန်းထားကြောင်း၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ (သို့မဟုတ်) ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါက မတ်လတွင် Live Operation ဝင်နိုင်မည်ဖြစ်ကြောင်း၊ Authorized Economic Operator (AEO) အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ အဆင့်(၄)ဆင့်ဖြင့် ဆောင်ရွက်နေပြီး တင်သွင်းသူနှင့် တင်ပို့သူများအား AEO သတ်မှတ်နိုင်ရေး ရွေးချယ်ရန် လုပ်ထုံးလုပ်နည်းများ ရေးဆွဲထားပြီး Pilot Project ဆောင်ရွက်ထား၍ AEO အကောင်အထည်ဖော်ရန် USAID ၏ အကူအညီ ကို ရယူဆောင်ရွက်ကြောင်း၊ AEO MRA ကိစ္စရပ်သည် တင်သွင်းသူနှင့် တင်ပို့သူများအား AEO သတ်မှတ်ပြီးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ၂၀၂၀ ပြည့်နှစ် နောက်ပိုင်းတွင်သာ ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း ဆွေးနွေးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၆၈၀.၇၀၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ(၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၉၅) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် (၆၈၀.၇၀၇) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန် တားဆီး / ဖမ်းဆီးမှု




ရန်ကုန် တားဆီးမှုအနေဖြင့် တားဆီးမှု (၆) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၉၉.၉၁၅) သန်းရှိသည့် အနက် (၁၆.၁၀.၂၀၂၀) ရက်နေ့ တွင် တရုတ်နိုင်ငံ (Qingdao) ဆိပ်ကမ်း မှ ရန်ကုန်မြို့ AWPT ဆိပ်ကမ်း သို့ MV IAL 001 (V-017N) ဖြင့် (၁၂.၁၂.၂၀၁၈) ရက်နေ့တွင် Prime Focus Group Co., Ltd မှ ID No. 10004144860 (19.12.2018), Container No. ZIMU-3021705 (1x20') ဖြင့် Polyetheylene Terephtholate Virgin IV 0.84 low density (50) kg x 380 Bags ကို တင်သွင်းခဲ့ရာ ကုမ္ပဏီ မှ မှာယူထားသော ကုန်ပစ္စည်းများမဟုတ်ဘဲ ကုန်တင်ပို့သူ (Consignor) ဘက်မှ မှားယွင်းတင်ပို့သော အရည်အသွေးနိမ့် အမျိုးအစားများဖြစ်နေပါသဖြင့် ကုမ္ပဏီ၏ Managing Director မှ အဆိုပါ ကုန်ပစ္စည်းများအား စွန့်လွှတ်ကြောင်းနှင့် ဥပဒေကြောင်းအရခံစားခွင့်ရှိသည့် အခွင့်အရေးတို့ကို ရယူခြင်း မပြုတော့ပါကြောင်း တင်ပြလျှောက်ထားလာသဖြင့် တားဆီးခဲ့သောအမှုဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၆၈၀.၇၀၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေ တားဆီး/ဖမ်းဆီးမှု












နယ်မြေတားဆီးမှု (၈၉) မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၄၈၀.၇၉၂) သန်း ရှိသည့် အနက် (၁-၁၀-၂၀၂၀) ရက်နေ့တွင် တမူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ မြို့နယ်မှူးဦးစီးသော အကောက်ခွန်ကင်းအဖွဲ့သည် သတင်းအရ တမူး-ကလေး ကားလမ်းမတစ်လျှောက် ဘုက္ကန်ကျေးရွာ အနီး တမူးမှ မန္တလေးသို့ မောင်းနှင်လာသော KING LONG (Mini Bus) ယာဉ် (၁) စီးအား ရပ်တန့် စစ်ဆေးရာ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသော အိန္ဒိယနိုင်ငံထုတ် လူသုံးကုန်ပစ္စည်းများ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၆.၇၃၄) သန်းအား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၈၀.၇၀၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားတားဆီး/ဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ (၁၇) ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် မူဆယ်မှ လားရှိုး သို့ ထွက်ခွာလာသည့် (၂၂) ဘီး ကုန်တင်ယာဉ် (၁) စီးအား သတင်းပေးချက်အရ အသေးစိတ် စိစစ်စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ တရုတ်နိုင်ငံထုတ် Volatile Oil (9000) Kg ၊ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားခြင်းမရှိသည့် အကောက်ခွန်မဲ့ တရုတ်နိုင်ငံထုတ် Car Spare Parts (၉) မျိုး နှင့် ပစ္စည်းတင်ဆောင်လာသည့် ယာဉ် (၁) စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၃၈.၆၆၄) သန်းအား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၆၈၀.၇၀၇) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားတားဆီး/ဖမ်းဆီးမှု











ထူးခြားဖမ်းဆီးမှုအနေဖြင့် (၃၁-၁၀-၂၀၂၀) ရက်နေ့တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းများသို့ ရှောင်တခင် ကင်းလှည့်စဉ် သစ်ဆိမ့်ပင်ကျေးရွာအနီးတွင် ရပ်တန့်ထားသော တရားဝင်အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၅) စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၁) သန်းအား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၀.၉၂၉ သန်း |
| | စုစုပေါင်း | - | ၁ မှု | ၁ မှု | ၀.၉၂၉ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း (၁-၁၀-၂၀၂၀) ရက်နေ့ မှ (၃၁-၁၀-၂၀၂၀) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ် ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁) မှု ၊ ခန့်မှန်းတန်ဖိုးကျပ် သန်းပေါင်း (၀.၉၂၉) သန်းအား တားဆီး အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။


# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ



စာရွက် တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို နှင့် Duty Rate အား မေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် Customs Duty- 3%, Commercial Tax-5% နှင့် Advanced Income Tax - 2% ပေးဆောင်ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

ရေချိုးဆပ်ပြာ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို နှင့် Duty Rate လာရောက် မေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း၊ FDA ၏ ထောက်ခံချက် လိုအပ်ပါကြောင်း နှင့် CD -10% ၊ CT -5% နှင့် AT -2% ပေးဆောင်ရ မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။





Air Conditioning Spare Parts တင်သွင်းလိုပါသဖြင့် Duty Rate နှင့် လိုင်စင် လို/မလို လာရောက်မေးမြန်း ရာ CD -3%၊ CT -5% နှင့် AT-2% ပေးဆောင်ရမည် ဖြစ်ပြီး လိုင်စင်လျှောက်ထားရန် လိုအပ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။